ဧကန်စင်စစ် ဂျန္နသ်သုခဘုံ၌ “ရိုင်ယ်ယားန်” ဟု ခေါ်သောတံခါးတစ်ခုရှိ၏။ ကိယာမသ်နေ့၌ ထိုတံခါးမှတစ်ဆင့်

စွိယာမ်ဥပုသ်စောင့်ထိန်းခဲ့ကြသူများသည်

ဝင်ရောက်ကြလိမ့်မည်။ ထိုသူများမှတစ်ပါး အခြားမည်သူမျှထိုတံခါးမှ ဝင်ခွင့်ရမည်မဟုတ်ပေ

စဟ်လ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ "ဧကန်စင်စစ်
ဂျန္နသ်သုခဘုံ၌ “ရိုင်ယ်ယားန်” ဟု ခေါ်သော တံခါးတစ်ခုရှိ၏။ ကိယာမသ်နေ့၌
ထိုတံခါးမှတစ်ဆင့် စွိယာမ်ဥပုသ်စောင့်ထိန်းခဲ့ကြသူများသည် ဝင်ရောက်ကြလိမ့်မည်။
ထိုသူများမှတစ်ပါး အခြားမည်သူမျှ ထိုတံခါးမှ ဝင်ခွင့်ရမည်မဟုတ်ပေ။ (ထိုနေ့တွင်)
“ စွိယာမ်ဥပုသ်စောင့်ထိန်းခဲ့ကြသူတို့ အဘယ်မှာနည်း” ဟု မေးမြန်းခံရလိမ့်မည်။
ထိုအခါ သူတို့သည် ထရပ်ကြလိမ့်မည်။ သူတို့မှတစ်ပါး အခြားမည်သူမျှ ထိုတံခါးမှ
ဝင်ခွင့်ရမည်မဟုတ်ပေ။ ထို့နောက် သူတို့ဝင်ရောက်ပြီးသောအခါ ထိုတံခါးကို
ပိတ်လိုက်မည်။ သို့ဖြစ်၍ အခြားမည်သူမျှ ထိုတံခါးမှ မဝင်ရောက်ရတော့ပေ။"
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်- ဂျန္နသ်သုခဘုံ၏တံခါးများထဲတွင် ‘ရိုင်ယ်ယားန်’ ဟုခေါ်သော တံခါးတစ်ပေါက်ရှိသည်။ ကိယာမသ်နေ့၌ထိုတံခါးမှတစ်ဆင့် စွိယာမ်ဥပုသ်စောင့်ထိန်းခဲ့ကြသူများသည် ဝင်ရောက်ကြလိမ့်မည်။ထိုသူများမှတစ်ပါး အခြားမည်သူမျှ ထိုတံခါးမှ ဝင်ခွင့်ရမည်မဟုတ်ပေ။ (ထိုနေ့တွင်) “ စွိယာမ်ဥပုသ်စောင့်ထိန်းခဲ့ကြသူတို့ အဘယ်မှာနည်း” ဟု မေးမြန်းခံရလိမ့်မည်။ ထိုအခါသူတို့သည် ထရပ်ကြပြီး ဝင်ရောက်ကြလိမ့်မည်။ သူတို့မှတစ်ပါး အခြားမည်သူမျှ ထိုတံခါးမှဝင်ရောက်ခွင့်မရပေ။ ထိုသူတို့အနက်မှ နောက်ဆုံးလူ ဝင်ရောက်သွားသည်နှင့် ထိုတံခါးကိုပိတ်လိုက်မည်ဖြစ်ရာ ထိုနောက်ပိုင်း မည်သူမျှ ထိုတံခါးမှ ဝင်ရောက်ခွင့်ရတော့မည်မဟုတ်ပေ။

http://sunnah.global/hadeeth/my/show/3738